# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်**

**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ ယနေ့ပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့မဲဆန္ဒနယ်၏ မိသားစုဝင်များနှင့် မိတ်ဆွေ ၃ ဦး တက်ရောက်လေ့လာလျက်ရှိကြောင်း တင်ပြအပ်ပါတယ်ရှင်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ မနက်ဖြန်ပြုလုပ်မယ့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို နံနက် ၁၀း၃၀ မှာ ကျင်းပမှာဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါတယ်ရှင်။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်မှစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့် အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၆၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်

(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၉ ရက်၊

(၂) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်၊

(၃) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၃ ရက်၊

(၄) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ခွင့် ၁ ရက်၊

(၅) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁၆ ရက်၊

(၆) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၃ ရက်၊

(၇) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၁ ရက်၊

(၈) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၉) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး ခွင့် ၁ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၁) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၁၂) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

(၁၃) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်

(၁၄) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက်နှင့်

(၁၅) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၉ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၄ ဦးဖြစ်ပါတယ်။

ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လက်နက်တပ်ဆင်ကိုင်ဆောင် အသုံးပြုခွင့်ကို ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်၍ စီမံဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် ခေတ်မီလက်နက်တပ်ဆင်ပစ်ခတ် ဖမ်းဆီးအသုံးပြုခွင့်ကို ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာခင်ဗျား။ ကျွန်တော့် အနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ်မှာ ပြည်သူလူထုရဲ့ အားကိုးမှု၊ ယုံကြည်မှု ပိုမိုမြင့်မားလာဖို့ ရည်ရွယ်ပြီး တော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီ နိုင်ငံတော် ထူထောင်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အလိုအပ်ဆုံးအရာကတော့ တရားဥပဒေ စိုးမိုးရေးပဲဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်ပြီးတော့ တာဝန် ထမ်းဆောင်နေတဲ့ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ရဲ့အခန်းကဏ္ဍဟာ အလွန်တရာမှာ အရေးကြီးလှပါတယ်။ ဒီနေ့ နိုင်ငံတော်အတွင်းမှာ ခိုးဆိုးလုယက်မှု၊ သတ်ဖြတ်မှုတွေဟာ တစ်စတစ်စ ပိုမိုတိုးတက်များပြားလာတဲ့အပြင် လုံခြုံရေးတာဝန် ထမ်းဆောင်နေတဲ့ ရဲတပ်ဖွဲ့ဝင်များပါ

အရိုက်ခံရခြင်း၊ အသတ်ခံရခြင်းများ ဖြစ်လာတဲ့အဆင့်အထိ တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒီ့အပြင် ဖြစ်ပွားနေတဲ့မှုခင်းများနှင့်ပတ်သက်ပြီးတော့ ဖော်ထုတ်ဖမ်းဆီးမှု မှာလည်း အားနည်းပြီးတော့ အခက်အခဲတွေရှိတာကို တွေ့ရပါတယ်။ ဒီလိုဖြစ်ရခြင်းအကြောင်း တရားများစွာထဲက တစ်ချက်ကတော့ ရဲတပ်ဖွဲ့ဝင်များမှာ အသုံးပြုဖို့ ရာဘာဒုတ်နဲ့ လေးဂွလောက်ပဲ ကိုင်ထားတာကို တွေ့ရပါတယ်။ မြစ်မှုကျူးလွန်နေသူတွေကတော့ ငှက်ကြီးတောင်ဓားနဲ့ဆိုတော့ ဒီလို ဖြစ်စဉ်တွေဟာ အနာဂတ်မှာလည်း ဆက်ပြီးတော့ ဖြစ်နေနိုင်ပါတယ်။ ဒီဓားများလည်း ကျွန်တော် ဟိုတစ်နေ့က တင်ပြသလိုပဲ ပျော်ဘွယ်အဝင်မှာ စိတ်ကြိုက်ဝယ်လို့ရတဲ့အနေအထားဖြစ်ပါတယ်။ ပြဿနာ တစ်ခုဖြစ်လို့ ရဲတပ်ဖွဲ့ကိုခေါ်ရင် တော်ရုံနဲ့မလာဝံ့ပါဘူး။ ဒါကလည်းသူတို့အပြစ် မဟုတ် ပါဘူး။ သူတို့အနေနဲ့ အင်အားများစွာစုစည်းပြီးလာမှသာလျှင် အသက်အန္တရာယ်လုံခြုံမှုရှိမှာ ဖြစ်လို့ အချိန်ပေးရပါတယ်။ ဒီဟာက ကျွန်တော်တို့ အားလုံးအတွက်လည်း အန္တရာယ်ရှိနေတာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ရဲတပ်ဖွဲ့ဝင်တွေက သူတို့ကိုယ်သူတို့ ခုခံဖို့အတွက် ရော်ဘာထုတ်နဲ့မလုံလောက်တဲ့ အတွက်ကြောင့် ဓားများကို တရာမဝင်ကိုင်တွယ်ပြီးတော့ ကာကွယ်နေရတာလည်း တွေ့ရပါတယ်။ ပြည်သူတွေဘက်ကကြည့်ရင်လည်း ယုံကြည်အားကိုးမှုအားလျော့နည်းလာပြီးတော့ မိမိလုံခြုံရေးမိမိ တာဝန်ယူရတဲ့ အနေအထားမျိုးဖြစ်ပေါ်လာတာကိုလည်း တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ နိုင်ငံ တကာစံနှုန်းနဲ့အညီ ဆန္ဒပြမှုတွေ ထိန်းသိမ်းခြင်းနဲ့မပတ်သက်စေဘဲနဲ့ ရာဇဝတ်သားတွေဖမ်းဆီးရေးနဲ့ ပတ်သက်ပြီးတော့ ဥပဒေအရ ဆောင်ရွက်တဲ့အခါမှာ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ (၁)မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လက်နက်တပ်ဆင်ကိုင်ဆောင် အသုံးပြုခွင့်ကို ဥပဒေ၊ နည်းဥပဒေ များ ပြင်ဆင်စီမံဆောင်ရွက်ဖို့ အစီအစဉ် ရှိပါသလား။ (၂) ဒီလိုဆောင်ရွက်တဲ့အခါမှာ အခြားနိုင်ငံများကဲ့သို့ ခေတ်မီလက်နက်များတပ်ဆင်ဖမ်းဆီး အသုံးပြုခွင့် ခွင့်ပြုရန်အစီအစဉ်ရှိပါ သလား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)** ။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထား သော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခု ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ကွပ်ကဲမှုအောက်မှာ တိုင်းဒေသ ကြီး/ ပြည်နယ်တပ်ဖွဲ့၊ ဌာနများ၊ လေ့ကျင့်ရေးကျောင်းများမှာ ဖွဲ့စည်းပုံအဆင့်လိုက် ကိုင်ဆောင်ရတဲ့ လက်နက်၊ ခဲယမ်းများကို ထည့်သွင်းရေးဆွဲထုတ်ပေးခဲ့ပြီးတော့ ကိုင်ဆောင်အသုံးပြု ခွင့်ရရှိနေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအရ ချေမှုန်းရေးလက်နက်နဲ့ အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ဟူ၍ ခွဲခြားသတ်မှတ်ထားပြီးတော့ ချေမှုန်းရေးလက်နက်တွေကိုတော့ သောင်းကျန်းသူ နယ်မြေများနဲ့ အရေးကြီးတာဝန် ထမ်းဆောင်နေကြတဲ့ တပ်ဖွဲ့များအတွက် တပ်မတော်ရဲ့အကူအညီနဲ့ ခေတ်မီမောင်းပြန်လက်နက်များ တပ်ဆင်အသုံးပြုလျက်ရှိပါတယ်။ ကျန်ဒေသတွေမှာတော့ လက်ရှိ ကိုင်တွယ်အသုံးပြုနေတဲ့ ပစ္စတိုအုပ်စုဝင်ဖြစ်တဲ့ Point ၃၈ ခြောက်လုံးပြူး လက်နက်များမှာ ခေတ်ဟောင်းလက်နက်များဖြစ်၍ ခေတ်မီပစ္စတိုလက်နက်များနဲ့ အစားထိုးတပ်ဆင်အသုံးပြုနိုင်ရေး အတွက် တပ်မတော်ရဲ့အကူအညီနဲ့ တပ်ဆင်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကရုန်း နှိမ်နင်ရေးလက်နက်များအနေနဲ့ နိုင်ငံတကာမှာ အသုံးပြုလျက် ရှိပြီးတော့ ပြည်ပမှထုတ်လုပ်တဲ့ စံချိန်မီ 38 mm Anti-Riot Grenada Launcher၊ 12 bore Pump Action Shot Gun သေနတ်များ၊ ၎င်းလက်နက်များမှာ အသုံးပြုရတဲ့ ရာဘာဗုံးသီး၊ ကျည်ဆံများနဲ့ Soung Six Bang( Hand Grenade)၊ CS Burning (Hand Grenada)မျက်ရည်ယိုဗုံးသီးများကို ၂၀၁၄ ခုနှစ်ကနေစပြီးတော့ နိုင်ငံတော်အစိုးရကနေ ဝယ်ယူတပ်ဆင် အသုံးပြုလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဟာ ပြစ်မှုကျူးလွန်တဲ့လူတွေကို ဖမ်းဆီးတဲ့နေရာမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၆ (၁)အရ ဖမ်းဆီးရာမှာ ဖမ်းဆီးခြင်းခံရသူက အသာတကြည် အဖမ်းခံမည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာမပြခဲ့လျှင် ဖမ်းဆီးသည့်ရဲအရာရှိ သို့မဟုတ် အခြားဖမ်းဆီးသူသည် ဖမ်းဆီးရမည့်သူကို ကိုယ်ထိလက်ရောက်ချုပ်နှောင်ဖမ်းဆီးရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၄၆(၂) အရ အကယ်၍ ဖမ်းဆီးခံရမည့်သူက ၎င်းအားဖမ်းဆီးခြင်းကို အကြမ်းဖက်ခုခံလာလျှင်၊ သို့မဟုတ် ဖမ်းဆီးခြင်းကို တိမ်းရှောင်ရန် အားထုတ်လျှင် ဖမ်းဆီးသည့် ရဲအရာရှိသည် သို့မဟုတ် အခြားဖမ်းဆီးသူသည် မိမိဖမ်းဆီးရမိသော လိုအပ်သည့်နည်းလမ်းမှန်သမျှကို အသုံးပြုနိုင်သည်ဟူ၍လည်းကောင်း

ပြဋ္ဌာန်းထားရှိပြီးဖြစ်လို့ ပြစ်မှုကျူးလွန်သူ၊ ထွက်ပြေးသူများကို ဖမ်းဆီးရာမှာလိုအပ်တဲ့ နည်းလမ်းကို အသုံးပြုပြီး ဖမ်းဆီးပိုင်ခွင့်ရှိပါတယ်။

ရဲလက်စွဲဒုတိယအပိုဒ် ၁၇၂၉ မှာ ဖမ်းဆီးရန်ရှိသူမှာ ဘေးအန္တရာယ်ပြုတတ်သည့် လူစားဖြစ်ကြောင်းသိရလျှင် ၎င်းကိုဖမ်းရန် အရာရှိတစ်ယောက်ထက်ပို၍ စေလွှတ်မြဲဖြစ်စေရမည်၊ စေလွှတ်သူအရာရှိ အသီးသီးမှာလည်း အလိုရှိလျှင် မိမိကိုယ်ကိုကာကွယ်ရန်အလို့ငှာ သင့်ရာလက်နက်စွဲကိုင်ပါရှိကြရန် အထူးသတိပြုရမည်၊ ဖမ်းဆီးခံရမည့်သူကဖြစ်စေ၊ သို့မဟုတ် ၎င်းအား အားပေးကူညီသူကဖြစ်စေ သေစေရန်သော်လည်းကောင်း၊ အပြင်းအထန်နာကျင်စေမှုပြုလုပ်ရန်သော်လည်းကောင်း၊ အန္တရာယ်ရှိမှသာ ရဲတပ်ဖွဲ့ဝင်များက လက်နက်ကို အသုံးပြုနိုင်ခွင့်ရှိကြောင်း သတိပြုရမည်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လိုက်နာဆောင်ရွက်လျက်ရှိပြီးတော့ လက်နက်အသုံးပြုကိုင်ဆောင်ခြင်းများကို လိုအပ်ချက်များနှင့်အညီ တာဝန်ရှိသူများမှ ကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါတယ်။ ဒီပြဋ္ဌာန်းချက်များအရ ရဲတပ်ဖွဲ့ဝင်များအနေနဲ့ မိမိတို့ဖမ်းဆီးရမည့်သူများကို ဖမ်းဆီးရာမှာ ဖမ်းဆီးရမည့်သူရဲ့ အကျင့်စာရိတ္တ၊ ပတ်ဝန်းကျင်အကြောင်းချင်းရာအပေါ် မူတည်ပြီးတော့ ကြိုတင်သတင်းရယူပြီး ဖွဲ့စည်းပုံအရ ခွင့်ပြုထားတဲ့ လက်နက်ခဲယမ်းများကို ကိုင်ဆောင်ပစ်ခတ်မှုများ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။

ရဲတပ်ဖွဲ့ဝင်များဟာ လုံခြုံရေးတာဝန်ဝတ္တရား ဆောင်ရွက်ရာတွင် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူကိုဖြစ်စေ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ မှာ မကာကွယ်မခုခံလျှင် သေဘေးသို့ရောက်စေရန်၊ အပြင်းအထန်နာကျင်စေရန်၊ မုဒိမ်းကျင့်ခံရရရန်၊ လူကိုယ်ခိုးယူရန် သို့မဟုတ် အခြားဘေးအန္တရာယ်တစ်ခုခုဖြစ်စေရန် စိုးရိမ်ဖွယ်ရာအကြောင်းရှိလျှင် ပြုလုပ်သူကို သေစေသည်အထိ ကာကွယ်ခုခံပိုင်ခွင့်ရှိပါတယ်။ ၎င်းအပြင် မိမိပစ္စည်း သို့မဟုတ် အခြားသူရဲ့ ပစ္စည်းဖြစ်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၃ မှာ မကာကွယ်မခုခံလျှင် လုယက်မှု၊ ညအချိန်အိမ်ဖောက်ထွင်းမှု၊ မီးဖြင့်အကျိုးဖျက်ဆီးမှု၊ သေဘေးသို့မဟုတ်အပြင်းအထန် နာကျင်စေမှုကို စိုးရိမ်ရသော ခိုးမှု၊ အကျိုးဖျက်ဆီးမှု၊ အိမ်ကျော်နင်းမှုများပြုလုပ်လျှင် ပြုလုပ်သူကိုသေစေသည်အထိ ကာကွယ်ခုခံပိုင်ခွင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေနဲ့ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရာမှာအထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။

အချို့သောတရားခံများဟာ ပြစ်မှုများကျူးလွန်ပြီးနောက် လျင်မြန်စွာထွက်ပြေးတိမ်းရှောင်တတ်သည့်အလေ့အထရှိခြင်း၊ ပြစ်မှုကျူးလွန်ပြီးသော တရားခံများဟာထပ်မံ၍ အခြားပြစ်မှုများကို ကျူးလွန်နိုင်တဲ့အလေ့အထများရှိခြင်း၊ ၎င်းတို့ပုန်းခိုရာနေရာများကို သက်ဆိုင်ရာမှ သိရှိသည်လို့ ယူဆလို့ရှိလျှင် လျှင်မြန်စွာ ထွက်ပြေးတိမ်းရှောင်တတ်ခြင်းစတဲ့အလေ့အထများ ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေနဲ့ ပြစ်မှုကျူးလွန်တဲ့ တရားခံများရဲ့ တည်နေရာကို သိရှိတာနှင့် ၎င်းတို့ကို အချိန်မီဖမ်းဆီးရမိနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ပြုထားတဲ့ လက်နက်များ၊ အကြောင်းကြောင်းကြောင့် ပါရှိသွားခြင်းမရှိဘဲနဲ့ အလျင်အမြန်သွားရောက်ဖမ်းဆီးခဲ့တဲ့အတွက် တရားခံများကနေပြီးတော့ ရဲတပ်ဖွဲ့ဝင်များကို ပြန်လည်ခုခံခဲ့တဲ့ ဖြစ်စဉ်များလည်း ရှိခဲ့ပါတယ်။ လက်နက်များကိုလည်း ကိုင်ဆောင်ခွင့်ရှိသူများကို တစ်ဦးချင်းထုတ်ပေးထားပြီးတော့ အလားတူဖြစ်စဉ်များ ထပ်မံဖြစ်ပွားမှု မရှိစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့လည်း ပိုမိုကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေနဲ့ ရာဘာတုတ်(နံပါတ်တုတ်)များ အသုံးပြုပြီးတော့ တာဝန်ဆောင်ရွက်ရာမှာ ရန်ပြုတိုက်ခိုက်မှု၊ အန္တရာယ်ပြုမှုများဖြစ်ပေါ်ခဲ့သဖြင့် အန္တရာယ်ပြုမှုမှ ကာကွယ်နိုင်ရန် ခေတ်မီကျင်စက်(Stun Gun) ကိုယာဉ်ထိန်းရဲတပ်ဖွဲ့ကို ၂၄-၉-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များကို ၂၀-၁၀-၂၀၁၅ ရက်နေ့တွင်လည်းကောင်း ထုတ်ပေးခဲ့ပြီးတော့ ကိုင်တွယ်အသုံးပြုလျက်ရှိပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ၊ နယ်ခြားစောင့်ရှောက်ရဲတပ်ဖွဲ့များ၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများနှင့် လေ့ကျင့်ရေးကျောင်းများကိုလည်း ၃-၇-၂၀၁၄ ရက်နေ့မှာ နိုင်ငံတကာအဆင့်မီ ခေတ်မီလက်နက်များ၊ သေနတ်များကို ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီသေနတ်များဟာ တရားခံဖမ်းဆီးရာမှာလည်းကောင်း၊ လူစုလူဝေးဖြစ်ပေါ်လာပါက ကြီးကြပ်ထိန်းသိမ်းရာမှာလည်းကောင်း၊ လုံခြုံရေးဆောင်ရွက်ရာမှာလည်းကောင်း အသုံးပြုရန် ထုတ်ပေးထားခြင်းဖြစ်ပါတယ်။ ဒီလက်နက်၊ ခဲယမ်းများကို ပြစ်ခတ်ခြင်းနှင့် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းအသုံးပြုနိုင်ရန်အတွက်လည်း သင်ကြားလေ့ကျင့်ပေးထားပြီးဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်များအား ချေမှုန်းရေးလက်နက်များနှင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များကို အဆင့်လိုက် ကိုင်ဆိုင်အသုံးပြုခွင့်ကိုလည်း လူစုလူဝေးအားကြီးကြပ်ထိန်းသိမ်းခြင်း လက်စွဲစာစောင်ပါအတိုင်း အသုံးပြုရန်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေနဲ့ နိုင်ငံတော်အတွင်း မှုခင်းကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လက်နက်ကိုင်ဆောင်အသုံးပြုခွင့်များနဲ့ စပ်လျဉ်းလို့ ပြစ်မှုဆိုင်ရာ

ကျင့်ထုံးဥပဒေ၊ ရဲလက်စွဲများမှာ သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါသဖြင့် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မှုမရှိသေးပါကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လိုအပ်တဲ့ ခေတ်မီလက်နက်များ တပ်ဆင်အသုံးပြုခွင့်ပေးထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံအစိုးရအနေဖြင့် Automobile Policy ကို နိုင်ငံတကာကဲ့သို့ ဖြေလျှော့ရေးဆွဲပြီး နိုင်ငံတကာမှ မော်တော်ယာဉ်ထုတ်လုပ်ရေးများကို ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံပါလျှင် ပြည်သူများ ဈေးနှုန်းချိုသာစွာ ကားသစ်များ စီးနိုင်လာမည်ဖြစ်၍ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ⊞ဌ။** ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ ကြွရောက်လာသူအားလုံး မင်္ဂလာအပေါင်း ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီမေးခွန်းကို မေးမြန်းရခြင်းရည်ရွယ်ချက်ကတော့ နောင်လာမည့်နှစ်တွေမှာ မြန်မာနိုင်ငံသူနိုင်ငံသားများအနေနဲ့ ကားကောင်း၊ ကားသန့်တွေကို ဈေးနှုန်းချိုသာစွာဖြင့် စီးခွင့်ရရှိရေးအတွက် ရည်ရွယ်ပြီး မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒီလိုအခွင့်အရေးတွေရရှိဖို့အတွက် အိမ်နီးချင်း ထိုင်းနိုင်ငံကဲ့သို့ နိုင်ငံတကာမှ အဆင့်မြင့်ကားကုမ္ပဏီများကို ဖိတ်ခေါ်ပြီး မြန်မာပြည်တွင်းမှာ ထုတ်လုပ်ခွင့်ပြုပေးဖို့ လိုအပ်မှာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ယခုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် Used နိုင်ငံခြားမှ တင်သွင်းအသုံးပြုနေရပါတယ်ခင်ဗျား။ နောက်ပိုင်းမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် လုံခြုံ၍ အန္တရာယ်ကင်းသော ကားသစ်များကို အသုံးပြုလိုပါသဖြင့် မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် CKT ၊ SKT သတ်မှတ်ချက်များနှင့်ပတ်သက်၍ Auto Policy ကို နိုင်ငံတကာကဲ့သို့ ဖြေလျှော့ရေးဆွဲပြီးတော့ မြန်မာနိုင်ငံမှာ နိုင်ငံတကာမှ မော်တော်ယာဉ်ထုတ်လုပ်ရေးများကို ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် (၁) ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်း၍ ဈေးနှုန်းချိုသာစွာ ကားသစ်များ စီးလာနိုင်မှာဖြစ်ပါတယ်။ (၂) ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများစွာ တိုးတက်ရရှိလာပြီးတော့ နိုင်ငံခြားဝင်ငွေများ

လည်း တိုးတက်လာမှာဖြစ်ပါတယ်။ (၃) မြန်မာနိုင်ငံသည် ပင်လယ်ထွက်ပေါက်ရှိတဲ့နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ပို့ကုန်တစ်မျိုးတိုးလာပြီးတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်လာနိုင်ပါတယ် စတဲ့ အကျိုးကျေးဇူးတွေရရှိနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ထိုသို့ စီစဉ်ဆောင်ရွက်ပေးရန် ရှိ/မရှိကို ပြည်သူ့ဘဝတိုးတက်ရေး အလေးထားမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော် များခင်ဗျား။ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပြီးတော့ ယခုအစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ Automobile Policy နဲ့စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ရေရှည်ရပ်တည်နိုင်မည့် မော်တော်ယာဉ် ဆိုင်ရာလုပ်ငန်းတစ်ရပ် ပေါ်ထွန်းလာစေရေး၊ မြန်မာ့မော်တော်ယာဉ် စက်မှုကဏ္ဍမှ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေး၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအား ထိရောက်စွာ ဆွဲဆောင်နိုင်ရေး၊ နိုင်ငံအတွင်း နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်း များ ပေါ်ပေါက်လာစေရေး၊ နိုင်ငံ၏ GDP တိုးတက်ရရှိစေပြီး Value Added ရရှိစေခြင်းဖြင့် နိုင်ငံခြားသုံးငွေ ပိုမိုရရှိစေရေးနဲ့ သွင်းကုန်အစားထိုး၍ ပို့ကုန်မြှင့်တင်ခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်လာနိုင်စေရေးတို့ကို ရည်ရွယ်ပြီး အမျိုးသားမော်တော်ယာဉ်မူဝါဒ (National Automobile Policy) ရေးဆွဲရေး Task Force ကို ၂၂-၄-၂၀၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါတယ်။ အဆိုပါ Task Force ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှဦးဆောင်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊

အမျိုးသားစီမံကိန်း နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မော်တော်ယာဉ်ထုတ်လုပ်သူများနှင့် ဖြန့်ဖြူးရောင်းချသူများအသင်း၊ ဂျပန်ကုန်သည်ကြီးများအသင်းချုပ်၊ ကိုရီးယားကုန်သွယ်ရေး နှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးအေဂျင်စီတို့မှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားပါတယ်။

လက်ရှိရေးဆွဲလျက်ရှိသော Automobile Policy တွင် မော်တော်ယာဉ်လုပ်ငန်းဖွံ့ဖြိုးမှုဆိုင်ရာ လမ်းပြမြေပုံဖြင့် အမျိုးသားမော်တော်ယာဉ်ဆိုင်ရာ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် မော်တော်ယာဉ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု တည်ဆောက်ရေးဆိုတဲ့ ကာလတိုရည်မှန်းချက်၊ ပြည်တွင်းထုတ်လုပ်မှုစတင်ခြင်းဆိုတဲ့ ကာလလတ်ရည်မှန်းချက်၊ Supply Chain တွင် ပါဝင်လာနိုင်ပြီး မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အစိတ်အပိုင်းများအား ပြည်ပသို့ တင်ပို့ရောင်းချခြင်းဆိုတဲ့ ကာလရှည်ရည်မှန်းချက်များကို အဆင့်ဆင့်ပိုင်းခြားသတ်မှတ်ထားတဲ့အပြင် မော်တော်ယာဉ်ဆိုင်ရာ ပြဿနာများဖြစ်တဲ့ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဘယ်မောင်း/ညာမောင်း သတ်မှတ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လောင်စာဆီအသုံးပြုရေး၊ လမ်းလျှောက်သူများ ဘေးကင်းရေး၊ ယာဉ်လမ်းကြောင်းဆိုင်ရာ အခြေခံအဆောက်အဦနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရေး၊ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေး စတဲ့အချက်များပါဝင်ပါတယ်။

ဖော်ပြပါရည်မှန်းချက်များအတိုင်း ပံ့ပိုးမှုများ၊ ဖြေလျှော့မှုများကို ရေးဆွဲချမှတ်နိုင်ရေးအတွက် National Automobile Policy (မူကြမ်း)အား Task Force မှရေးဆွဲပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ နှင့် အဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်တောင်းခံထားဆဲဖြစ်ရာ အောက်ပါအချက်များအား ယင်း Policy တွင် ထည့်သွင်းသင့်ပါကြောင်း စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ သဘောထားမှတ်ချက်ပေးထားပါတယ်။ (က) မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်း၏ ယှဉ်ပြိုင်နိုင်မှု ပိုမိုမြင့်မားစေရန် နိုင်ငံနှင့် ကိုက်ညီသည့် ကားအမျိုးအစားတစ်ခု သတ်မှတ်ခြင်း၊ (ခ) ယင်းကားအမျိုးအစားအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်ခြင်း၊ (ဂ) ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် နည်းပညာ လွှဲပြောင်းရရှိပြီး အဆိုပါပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်စေရန် အထောက်အပံ့ပေးခြင်း၊ (ဃ) ယင်းမှတစ်ဆင့် ဒေသတွင်းနိုင်ငံများသို့ အစိတ်အပိုင်းများ ထုတ်လုပ်ပံ့ပိုးနိုင်တဲ့ Parts Supplier အဆင့်သို့ရောက်ရှိအောင် ဈေးကွက်ချဲ့ထွင်ပေးခြင်း၊ (င) အဓိကရည်ရွယ်ချက်မှာ ပြည်တွင်း၌

ကားအသစ်များ ထုတ်လုပ်ရန်ဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းအစီအမံများ Supporting Industry ထူထောင်ရန်နှင့် စံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များ ချမှတ်ပေးခြင်းတို့ ပါဝင်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု လျှင်မြန်ချောမွေ့ရေး အဓိကဆောင်ရွက်နေတဲ့ဌာနဖြစ်သဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများကို ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဆောင်ရွက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိလာနိုင်ပြီး နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာနိုင်မှာဖြစ်တဲ့အပြင် ထုတ်လုပ်ထွက်ရှိတဲ့ယာဉ်၊ ယန္တရားများအား နိုင်ငံတကာစျေးကွက်သို့ ရောင်းချနိုင်ပါက နိုင်ငံခြားဝင်ငွေတိုးတက်ရရှိလာနိုင်မှာဖြစ်ပါသောကြောင့် မော်တော်ယာဉ်ထုတ်လုပ်သည့်စက်ရုံများအတွက် လိုအပ်သည့်စက်ပစ္စည်းများနှင့် မော်တော်ယာဉ်များတင်ပို့ခြင်း၊ တင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်တဲ့ကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားထားပါတယ်။ သို့ပါ၍ နိုင်ငံတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမယ့် National Automobile Policy ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဦးဆောင်ရေးဆွဲရာတွင် စက်မှုဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ အခြေအနေများကို ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်ဘတ်ဂျက်ရေးဆွဲရာတွင် ကလေးသူငယ်အတွက် ဘတ်ဂျက်ပိုချပေးရန်နှင့် အသက် ၁၈ နှစ်အောက် ကလေးများကို ဒီမိုကရေစီနှင့်အညီ NGO၊ INGO များ၊ နိုင်ငံတကာအလှူရှင်များနှင့် ပူးပေါင်းပြီး တစ်လလျှင် လူမှုထောက်ပံ့ကြေး ၂၅၀၀၀ ကျပ်နှုန်းဖြင့် ထောက်ပံ့နိုင်ပါရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများရှင့်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ လမ်းကြောင်းလျှောက်လမ်းလာပြီဖြစ်သည့်အတွက် လူငယ်လူရွယ်များ အခန်းကဏ္ဍမှာ ပိုပြီး အရေးကြီးလာပါတယ်။

လူငယ်လူရွယ်များ ဘက်ပေါင်းစုံဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် နိုင်ငံတော်ဘတ်ဂျက်ရေးဆွဲရာတွင် ကလေးသူငယ်များအတွက် ဘတ်ဂျက်ပိုချပေးပါရန်၊ ဒီမိုကရေစီနှင့်အညီ NGO ၊ INGO များ၊ အလှူရှင်များနှင့်ပူးပေါင်းပြီး ထိုက်သင့်သောထောက်ပံ့ကြေး ဥပမာ- တစ်လလျှင် ၂၅၀၀၀ ဖြင့် ထုတ်ပေးနိုင်ပါရန်နှင့် ကျွန်မက ၂၀-၃-၂၀၁၅ တွင် ကြယ်ပွင့်ပြမေးခွန်းဖြင့် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းများအတွက် ထောက်ပံ့ကြေးကို မေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ အဲဒါကို မည်သည့်အချိန်ကာလ အကောင်အထည်ဖော် နိုင်မည်နည်းကို မေးခွန်းဖြင့် ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်း မေးမြန်းထားရှိမှုနဲ့ပတ်သက်ပြီး ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်များအတွက် ရှေးဦးအရွယ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖြစ် မူလတန်းကြိုကျောင်းများ ဖွင့်လှစ်ခြင်းနှင့် ကလေးသူငယ်ဥပဒေပုဒ်မ ၃၂ အရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးများအတွက် ကလေးပြုစုရေးဌာနများ၊ လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်ပြီး စောင့်ရှောက်ပေးလျက်ရှိရာ နိုင်ငံတော်ဘတ်ဂျက်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း ၁၁၃၅.၇၅၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း ၁၇၃၈.၂၅၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း ၁၇၄၇.၅၇ နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၂၀၄၄.၆၈ တို့ကို သုံးစွဲခဲ့ပြီး ကလေးသူငယ်များအတွက် နှစ်စဉ်တိုးမြှင့် ထောက်ပံ့ပေးလျက်ရှိပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ကာကွယ်စောင့်ရှောက်ရန်လိုအပ်တဲ့ ကလေးများအတွက် သင်တန်းကျောင်းအခြေပြုအဖြစ် လူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးကလေးများ သင်တန်းကျောင်း ၁၀ ကျောင်းဖွင့်လှစ်၍ ကလေးများအား အသက်အရွယ်အလိုက် ပညာသင်ကြားပေးခြင်း၊ အတန်းပညာသင်ယူရန် အခက်အခဲရှိတဲ့ကလေးများအတွက် ဝါသနာပါရာ အသက်မွေးဝမ်းကြောင်းပညာများကို သင်ကြားပေးလျက်ရှိပါတယ်။ သင်တန်းကျောင်းများတွင် အထက်တန်းအောင်မြင်ပြီးသောကလေးများအား အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ရန်ကုန်မြို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိတဲ့ Centre For Vocational Training (CVT) သင်တန်းကိုလည်း စေလွှတ်ပြီး အသက်မွေးမှုအတတ်ပညာများ သင်ကြားစေလျက်ရှိပြီး သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်များတွင် အလုပ်အကိုင်ရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သင်တန်းကျောင်းများတွင် စောင့်ရှောက်ထားတဲ့ကလေးများအား စည်းကမ်းကောင်းမွန်ပြီးဘက်စုံထူးချွန်ပါက အာဆီယံနိုင်ငံများတွင်ကျင်းပတဲ့ လူငယ်ရေးရာ နှီးနှောဖလှယ်ပွဲများ၊ လေ့လာရေးခရီးစဉ်များနှင့် ချစ်ကြည်ရေးခရီးစဉ်များတွင်လည်း စေလွှတ်ပေးလျက်ရှိပါတယ်။ ရပ်ရွာအတွင်းရှိလူမှုရေးလုပ်ငန်းများကို စိတ်ဝင်စားပြီး ပရဟိတစိတ်ရှိတဲ့ လူငယ်လူရွယ်များအား လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား NGO, INGO များနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့က မိတ်ဆက်ဖြန့်ချိခဲ့ပြီးပြီဖြစ်ပါတယ်။ စီမံချက်တွင်ပါရှိတဲ့ လုပ်ငန်းအစီအစဉ် (၈)ရပ်မှာ (၁) ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးများအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ (၂) မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ (၃) အသက် (၃)နှစ်မှ (၁၅)နှစ်အထိ ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ (၄) သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးခြင်း၊ (၅) ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း၊ (၆) အများပြည်သူအလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများပေးခြင်း၊ (၇) အသက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များအား ထောက်ပံ့ကူညီခြင်းနဲ့ (၈)ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးခြင်းများတို့ဖြစ်ပါတယ်။ အမျိုးသားအဆင့်လူမှုကာကွယ်ရေးစောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ် (၈)ခုအနက် လက်ရှိတွင်

အစီအစဉ် (၃)မျိုးဖြစ်တဲ့ သက်ကြီးရွယ်အိုလူမှုရေးအထောက်အပံ့ပေးရေး၊ ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများအတွက် စနစ်တည်ထောင်ခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက်နှစ်နှစ်အရွယ်အထိ ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်းတို့ကို ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းစဉ် (၈)ရပ်အနက် ကျန်ရှိသောလုပ်ငန်းစဉ်များထဲမှ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ အသက် (၃)နှစ်မှ (၁၅) နှစ်အတွင်း ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်းအစီအစဉ်အား ရေရှည်တွင် ဆောင်ရွက်ပေးနိုင်ရန်အတွက် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ရှိအခြေအနေတွင် ကလေးသူငယ်များအတွက် NGO ၊ INGO များ၊ နိုင်ငံတကာ အလှူရှင်များနှင့်ပူးပေါင်းပြီး တစ်လလျှင် လူမှုထောက်ပံ့ကြေး ကျပ် ၂၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးရန်အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်ရှိ နီတိုးချောင်းပိတ်မြေသားတမံအား ရေထိန်းတံခါးအဖြစ် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ ။** ။ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဘီးလင်းမြို့နယ်မှာရှိတဲ့ နီတိုးချောင်းပိတ်မြေသားတမံနဲ့ပတ်သက်ပြီးတော့ မေးခွန်း အနည်းငယ် မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော် ဘီးလင်းမြို့နယ်မှာဆိုလို့ရှိရင် နွေစပါးစိုက်ဧကများစွာ ရှိပါတယ်။ ဒီနွေစပါးတွေစိုက်ဖို့ အတွက် ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းတွေ ဆောင်ရွက်ရပါတယ်။ ချောင်းပိတ်၊ မြောင်းပိတ် ၁၉ ခုကို ဆက်လက်ဆောင်ရွက်ဖို့ဆိုရင် နီတိုးချောင်းကို ပိတ်ရတဲ့လုပ်ငန်းက အဓိကလုပ်ငန်းဖြစ်ပါတယ်။ နီတိုးချောင်းကို ပိတ်ပြီးမှ တခြားချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းကို ဆက်ပြီးလုပ်ဆောင်ရပါတယ်။ ဒါပေမယ့် နီတိုးချောင်းပိတ်တဲ့လုပ်ငန်းက နှစ်စဉ် မြေသားနဲ့ပိတ်နေတာဖြစ်တဲ့အတွက် ဒီချောင်းဘေး နားမှာရှိတဲ့ လယ်ယာမြေက မြေသားတွေကို ယူရတယ်။ သယ်ရတယ်။ ဖို့ရတယ်။ မိုးတွင်းကြလို့ရှိရင် ဒါတွေကို ပြန်ဖြိုပစ်ရတယ်။ ဒါကို နှစ်စဉ်နှစ်စဉ် လုပ်လာတာဖြစ်တဲ့အတွက် အဲဒီပတ်ဝန်း ကျင်မှာရှိတဲ့ လယ်ယာမြေတွေဆုံးရှုံးမှုဟာ များစွာဖြစ်ပေါ်လာပါတယ်။ ဒီလိုပဲမြေသားတမံကို နှစ်စဉ် လုပ်နေရတဲ့အတွက်လည်း သက်ဆိုင်ရာဆည်မြောင်းဦးစီးဌာနရဲ့နိုင်ငံတော် ဘတ်ဂျက်တွေကို နှစ်စဉ် သုံးစွဲနေရတာလည်း

ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဆည်မြောင်းဦးစီးဌာနအနေနဲ့ ဒီနီတိုး ချောင်းပိတ်မြေသားတမံလုပ်မယ့်အစား ရေထိန်းတံခါးအဖြစ် လုပ်နိုင်မယ်ဆိုလို့ရှိရင် လယ်ယာမြေ ဆုံးရှုံးမှုရော၊ နှစ်စဉ် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေဆုံးရှုံးမှုတွေပါ လျော့နည်းသွားမှာဖြစ်တဲ့အတွက် အခု လာမယ့် ၂၀၁၆-၂၀၁၇ ဘ ဏ္ဍာနှစ်မှာ နီတိုးချောင်းပိတ်မြေသားတမံအစား ရေထိန်းတံခါးအဖြစ် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထား၍ တက်ရောက်လာတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်ရဲ့ မေးမြန်းချက်ဖြစ်တဲ့ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် နီတိုးချောင်းပိတ်မြေသားတမံအား ရေထိန်းတံခါးအဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော် မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းချောင်း(နီတိုး)ရေထိန်းတံခါး တည်ဆောက်မည့်နေရာဟာ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ရှမ်းချောင်းကျေးရွာအနီးမှာ တည်ရှိပြီး သဲဖြူချောင်းမှ ခွဲထွက်စီးဆင်းလာတဲ့ ရှမ်းချောင်းရေနုတ်မြောင်းပေါ်တွင် တည်ဆောက်ရန်လျာထားပါ တယ်။ ရှမ်းချောင်း(နီတိုး)ချောင်းပိတ် မြေသားတမံအား နှစ်စဉ်ဆောင်ရွက်ရပြီး ပတ်ဝန်းကျင်ရှိ လယ်ယာမြေများကို တူးဖော်ပိတ်ဖို့ရသဖြင့် စိုက်ပျိုးမြေများ နှစ်စဉ် ပျက်စီးဆုံးရှုံးလျက်ရှိပါတယ်။ ရှမ်းချောင်းရေထိန်းတံခါးတည်ဆောက်ခြင်းဖြင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ် နိုင်ခြင်း၊ ရေငန်ဝင်ရောက်သဖြင့် သီးနှံပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ခြင်းနှင့်အတူ နွေစပါးစိုက်ပျိုး ရေနှင့် အောင်ရေဖြည့်သွင်းပေးနိုင်သဖြင့် ဒေသခံတောင်သူလယ်သမားများ၏ လယ်ယာမြေဧက ၅၀၀၀ ကို အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ရေထိန်းတံခါးတည်ဆောက်နိုင်ရန်အတွက် စူးစမ်းလေ့လာမှု လုပ်ငန်းများ

ဆောင်ရွက်ပြီးဖြစ်၍ ဒီဇိုင်းပုံစံတွက်ချက်မှုများအရ ရေနုတ်မြောင်းအကျယ် ၁၅၀ ပေ ပေါ်တွင် အကျယ် ၆ ပေ x အမြင့် ၂၄ ပေ ရေတံခါး (၁၁)ပေါက်ပါ ကွန်ကရစ်ရေထိန်းတံခါး တည်ဆောက်သွားရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျမည့်ငွေမှာ ကျပ်သန်းပေါင်း ၁၄၀၀ ခန့် ကုန်ကျမည် ဖြစ်ပါတယ်။ ရှမ်းချောင်း(နီတိုး)ရေထိန်းတံခါး တည်ဆောက်နိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားနိုင်ခြင်းမရှိ၍ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် အမျိုးသားစီမံကိန်း ဒုတိယကာလတို ငါးနှစ်စီမံကိန်းကာလ ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ကာလအတွင်း ရန်ပုံငွေခွဲဝေရရှိမည့်နှစ်တွင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ ဒီအစီအစဉ်မှာ ဆောင်ရွက်ပေးသွားတဲ့ သက်ဆိုင်ရာ ပြည်ထောင်စု ဒုတိယဝန်ကြီးများ မိမိတို့တာဝန်ရှိတဲ့အတိုင်း ဆောင်ရွက်နိုင်ရန်အတွက် ထွက်ခွာလိုက ထွက်ခွာနိုင်ပါတယ်ခင်ဗျား။

**အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် အတည်ပြုရန်အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေဖြင့် ပြည်သူ့လွှတ်တော် အစည်းအဝေးရဲ့ (၁၅)ရက်မြောက် နေ့မှာတင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာအား ပြည်သူ့လွှတ်တော်မှ သဘောတူလက်ခံပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ** ။ ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားကို ရယူပါ့မယ်။ ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ပိုးသတ်ဆေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပိုးသတ်ဆေးဥပဒေ ကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဖြစ်သော ၇-၁၂-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်း ကော်မတီရဲ့အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ယခုဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါ တယ်။ ယခုပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တက်ထွန်းတို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများကို ပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ၊ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ခြင်းမပြုသည့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို အတည်ပြု ခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ပိုးသတ်ဆေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား

လွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၃၉) ချက်ကို ဥပဒေကြမ်းကော်မတီကတင်ပြဖို့ ဖိတ် ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပိုးသတ်ဆေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး တော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင် အတည်ပြုချက်များအနက် (၃၉) ချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက လက်ခံရန် သဘောတူပါတယ်။ အဲဒီအချက် (၃၉) ချက်ကတော့ ဥပဒေ ခေါင်းစီး အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဠ)၊ အပိုဒ်ခွဲ(တ)နှင့် အပိုဒ်ခွဲ(ထ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၊ အပိုဒ် ၆ အသစ်ဖြည့်စွက်ခြင်း၊ အပိုဒ် ၇၊ အပိုဒ် ၈ အပိုဒ်ခွဲ(ခ) မူလအပိုဒ် ၇ ကိုပယ်ဖျက်ခြင်း။ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ဂ) အပိုဒ် ၁၃၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ အသစ် ဖြည့်စွက်ချက်၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ မူလအပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(ဃ) အခန်း(၈)ခေါင်းစဉ်၊ အခန်း(၉)ခေါင်းစဉ်၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(ဇ)ကို အသစ် ဖြည့်စွက်ခြင်း၊ အခန်း(၁၀)ခေါင်းစဉ် အပိုဒ် ၂၅ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ဆ)၊ အခန်း(၁၁)ခေါင်းစဉ် အပိုဒ် ၂၆ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ဃ) အခန်း(၇)ခေါင်းစဉ် အပိုဒ် ၂၂ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ မူလအပိုဒ် ၃၂ ကိုပယ်ဖျက်ခြင်း၊ မူလအပိုဒ် ၃၃ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၃၆၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅ တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အနက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူသည့် အချက် (၃၉) ချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပိုးသတ်ဆေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၃၉) ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့အချက် (၃၉) ချက်ကို

အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပိုးသတ်ဆေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်းကော်မတီမှသဘောတူထားတဲ့ အချက် (၃၉) ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ပိုးသတ်ဆေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အချက် (၁၇) ချက်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပိုးသတ်ဆေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီမှ ပြင်ဆင်ခဲ့တဲ့အချက် ၁၇ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)နဲ့ အပိုဒ်ခွဲ(ဂ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ)အဖြစ် အသစ်ဖြည့်စွက်ခြင်း၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၂၅ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀ အသစ်ဖြည့်စွက်ခြင်းနှင့် အပိုဒ် ၄၁ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် (၁၇) ချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပိုးသတ်ဆေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် (၁၇) ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် ပိုးသတ်ဆေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၁၇) ချက်သည် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပိုးသတ်ဆေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတက်ထွန်းတို့က ပြင်ဆင်ချက် (၃) ချက်အား တစ်ပိုဒ်ချင်း အလိုက် ဆွေးနွေးကြမှာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဒုတိယဗိုလ်မှူးကြီးတက်ထွန်းကို ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးတက်ထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတက်ထွန်းဖြစ်ပါတယ်။ ပိုးသတ်ဆေးဥပဒေကိုပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)ကို ပြင်ဆင်ချက်အဆို တင်သွင်းသွားမှာဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၆ အမှတ်စဉ် ၁၄ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)မှာ မူလအဆိုပြုပြဋ္ဌာန်းချက်ကတော့ လျှောက်လွှာနှင့်အတူ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏နမူနာကို ဓာတ်ခွဲစစ်ဆေးသည့်နည်းလမ်း၊ ဓာတ်ခွဲစစ်ဆေးတွေ့ရှိမှုထောက်ခံချက်၊ သုံးစွဲရန်အညွှန်းတို့နှင့်အတူ သတ်မှတ်ထုထည် သို့မဟုတ် သတ်မှတ်အလေးချိန်တို့ကို မှတ်ပုံတင်အဖွဲ့သို့ ပူးတွဲတင်ပြရမည်လို့ ဖြစ်ပြီး ကျွန်တော့်အနေနဲ့ကတော့ ထုတ်လုပ်သည့်ရက်စွဲနဲ့ သက်တမ်းကုန်ဆုံးသည့်ရက်စွဲတို့ကိုပါ ဖြည့်စွက်ပြီး အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်လိုပါတယ်။

အပိုဒ် ၁၄ အပိုဒ်ခွဲ(က) လျှောက်လွှာနှင့်အတူ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ နမူနာကို ဓာတ်ခွဲစစ်ဆေးသည့်နည်းလမ်းနှင့်အတူ ဓာတ်ခွဲစစ်ဆေးတွေ့ရှိမှုထောက်ခံချက်၊ ထုတ်လုပ်သည်။ ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ သုံးစွဲရန်အညွှန်းတို့နှင့်အတူ သတ်မှတ်ထုထည် သို့မဟုတ် သတ်မှတ်အလေးချိန်တို့ကို မှတ်ပုံတင်အဖွဲ့သို့ ပူးတွဲတင်ပြရ မည်လို့ ပြင်ဆင်လိုပါတယ်။ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ကတော့ ပိုးသတ်ဆေးနမူနာကို ဓာတ်ခွဲခန်းသို့တင်ပြစဉ်မှာ

ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲပါရှိထားခြင်းဖြင့် ဈေးကွက်ထဲမှာ ဖြန့်ဖြူးနေတဲ့ပိုးသတ်ဆေးတွေနဲ့ ဓာတ်ခွဲခန်းသို့ပို့သည့် နမူနာတို့ကွဲလွဲမှုမရှိစေရန်နှင့် သက်တမ်းကုန်တဲ့ပိုးသတ်ဆေးတွေဟာ ဈေးကွက်အတွင်းမှာမရှိစေရန်တို့ ဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ကျွန်တော့်ရဲ့ပြင်ဆင်ချက်အဆိုအား လွှတ်တော်မှ အတည်ပြုပေးပါရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီက သဘောတူပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ညှိနှိုင်းထားပြီးဖြစ်တဲ့အတွက် သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောတူညီချက်အရ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)သည် ဒုတိယဗိုလ်မှူးကြီးတက်ထွန်း၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၂ အပိုဒ်ခွဲ(ဃ)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဒုတိယဗိုလ်မှူးကြီးတက်ထွန်းကို ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးတက်ထွန်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ပိုးသတ်ဆေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အပိုဒ် ၂၂ အပိုဒ်ခွဲ(ဃ)ကို ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၂ အမှတ်စဉ် ၁၂ အပိုဒ် ၂၂ အပိုဒ်ခွဲ(ဃ)မှာ မူလအဆိုပြုပြဋ္ဌာန်းထားတာကတော့ ဖော်စပ်သည့်ပိုးသတ်ဆေးအတွက် သုံးစွဲရန်အညွှန်းစာတွင် ပိုးသတ်ဆေးအမျိုးအမည် ကာကွယ်နှိမ်နင်းလိုသောပိုးများ၊ အဆိပ်သင့်နိုင်မှုအဆင့်အတန်း၊ အသုံးပြုရမည့်ဆေးနှုန်းထားတို့အပြင် အဆိပ်

သင့်နိုင်မှုအန္တရာယ်မှ ကင်းရှင်းရန် နည်းလမ်းများကိုလည်း ဖော်ပြရမည်လို့ ဖော်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ မြန်မာဘာသာဖြင့် ဖြည့်စွက်ပြီးအောက်ပါအတိုင်း ပြင်ဆင်ချက်အဆို တင်သွင်းသွားလိုပါတယ်ခင်ဗျား။

အပိုဒ် ၂၂ အပိုဒ်ခွဲ(ဃ) ဖော်စပ်သည့်ပိုးသတ်ဆေးအတွက် သုံးစွဲရန် အညွှန်းစာတွင် ပိုးသတ်ဆေးအမျိုးအမည်၊ ကာကွယ်နှိမ်နင်းနိုင်သောပိုးများ၊ အဆိပ်သင့်နိုင်မှုအဆင့်အတန်း၊ အသုံးပြုရမည့်နှုန်းထားတို့အပြင် အဆိပ်သင့်နိုင်မှုအန္တရာယ်မှ ကင်းရှင်းရန် နည်းလမ်းများကို မြန်မာဘာသာဖြင့် ဖော်ပြရမည်လို့ ပြင်ဆင်လိုပါတယ်ခင်ဗျား။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ပိုသတ်ဆေးသုံးစွဲသည့်တောင်သူလယ်သမားများက မိမိတို့နှိမ်နင်းလိုတဲ့ ပိုးမွှားများအတွက် ပိုးသတ်ဆေးကို ရွေးချယ်နိုင်မှာဖြစ်ပါတယ်ခင်ဗျား။ ပိုးသတ်ဆေးပြဌာန်းရန် ဖော်စပ်တဲ့နှုန်းထား၊ ပိုးသတ်ဆေးအန္တရာယ်မှ ကင်းရှင်းရန်နည်းလမ်းတို့ကိုလည်း သိရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် စျေးကွက်အတွင်းမှာ တရားမဝင် ဝင်ရောက်နေတဲ့ အခြားနိုင်ငံများရဲ့ ဘာသာများနဲ့ရေးထားတဲ့ ပိုးသတ်ဆေးတွေကိုလည်း ဟန့်တားထိန်းချုပ်နိုင်မှာဖြစ်ပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ ကျွန်တော့်ရဲ့ ပြင်ဆင်ချက်အဆိုအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လွှတ်တော် ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီက သဘောတူပါ တယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့သဘောထား ပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ညှိနှိုင်း ထားပြီးဖြစ်တဲ့အတွက် သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရော သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန ကလည်း သဘောတူပြီးသားဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၂၂ အပိုဒ်ခွဲ(ဃ)သည် ဒုတိယမိုလ်မှုကြီး

တက်ထွန်း၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၂ အပိုဒ်ခွဲ(င)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဒုတိယဗိုလ်မှူးကြီးတက်ထွန်းကို ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးတက်ထွန်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပိုးသတ်ဆေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အပိုဒ် ၂၂ အပိုဒ်ခွဲ(င)ကို ပြင်ဆင်ချက်အဆို တင်သွင်းသွားမှာဖြစ်ပါတယ်။ ကန့်လန့်ဖြတ် ဇယား စာမျက်နှာ ၁၂ အမှတ်စဉ် ၃၃ စာပိုဒ် ၂၂(င)မှာ မူလအဆိုပြုပြဋ္ဌာန်းထားတာကတော့ ပိုးသတ်ဆေး ထည့်သွင်းထားသည့်ဗူး၊ ပုလင်း သို့မဟုတ် အထုပ်များပေါ်တွင် လိုင်စင်လျှောက်ထား စဉ်က တင်ပြခဲ့သည့် ကုန်အမှတ်တံဆိပ်နှင့် အညွှန်းတံဆိပ်တို့ကို ကပ်ထားရမည်ဟု ဖော်ပြထားပါ တယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲတို့ ကိုပါ ထပ်မံဖြည့်စွက်လိုပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ကျွန်တော့်ရဲ့ တင်ပြချက်ကတော့ အပိုဒ် ၂၂ အပိုဒ်ခွဲ(င) ပိုးသတ်ဆေး ထည့်သွင်းထားသည့်ဗူး၊ ပုလင်း သို့မဟုတ် အထုပ်များပေါ်တွင် လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ ကုန်အမှတ်တံဆိပ်နှင့် အညွှန်းတံဆိပ်တို့ကို ကပ်ထားရမည်လို့ ပြင်ဆင်လိုပါတယ်ခင်ဗျား။

အကျိုးအကြောင်းဖော်ပြချက် အနေနဲ့ကတော့ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲမပါပါက ပိုးသတ်ဆေးတွေမှာ သက်တမ်း ကုန်ဆုံးနေတဲ့ပိုးသတ်ဆေးတွေလည်း ဈေးကွက်အတွင်းမှာ ရှိနေနိုင်မှာဖြစ်ပါတယ်။ တောင်သူလယ်သမားများအနေနဲ့ သက်တမ်းကုန်ဆုံးတဲ့ ပိုးသတ်ဆေးတွေကို သုံးစွဲမိတဲ့အခါ အချိန်၊ လုပ်အား၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုတွေဖြစ်စေပြီး စီးပွားရေးကလည်း ဆုံးရှုံးမှုတွေဖြစ်စေနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်ရဲ့ပြင်ဆင်ချက်အဆိုအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီက သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားကိုလည်းပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ညှိနှိုင်းထားပြီးဖြစ်တဲ့အတွက် သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောတူညီချက်ရရှိပြီးတာဖြစ်တဲ့အတွက်ကြောင့် အပိုဒ် ၂၂ အပိုဒ်ခွဲ(င)သည် ဒုတိယဗိုလ်မှူးကြီး တက်ထွန်း၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပိုးသတ်ဆေးဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဒါကြောင့် ပိုးသတ်ဆေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ပိုးသတ်ဆေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း

အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာတဲ့ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ဖြစ်သော ၇-၁၂-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း ပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ခြင်းမပြုသည့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့အချက် ၃၅ ချက်ကို တင်သွင်းဖို့အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း သဘောတူလက်ခံသည့် အချက် ၃၅ ချက်ကတော့ အခန်း(၁) အပိုဒ် ၁ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂ အပိုဒ်ခွဲ(စ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဌ)။ အခန်း(၃) အပိုဒ် ၄၊ အခန်း(၄) အပိုဒ် ၈။ အခန်း(၅) အပိုဒ် ၁၄။ အခန်း(၆)

အခန်း(၆)ခေါင်းစဉ်၊ အပိုဒ် ၁၅ စာချိုး၊ အပိုဒ် ၁၇၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ စာချိုး၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)။ အခန်း(၇) အပိုဒ် ၂၇ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)၊ အပိုဒ် ၂၈ စာချိုး၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၉ စာချိုး၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂။ အခန်း (၈) အပိုဒ် ၃၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၆ စာချိုး၊ အပိုဒ် ၃၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၇၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါအမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း လွှတ်တော်က သဘောတူလက်ခံသည့် အချက် ၃၅ ချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ၃၅ ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ ၃၅ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့အချက် ၃၅ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ အချက် ၃ ချက်အား တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၃ ချက်မှာ စာမျက်နှာ ၄ အမှတ်စဉ် ၁၂ အခန်း (၆) အပိုဒ် ၁၈၊ စာမျက်နှာ ၈

အမှတ်စဉ် ၂၉ အခန်း(၇) အပိုဒ် ၃၃၊ စာမျက်နှာ ၉ အမှတ်စဉ် ၃၆ အခန်း(၉) အပိုဒ် ၃၈ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၃ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် အချက် ၃ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အချက် ၃ ချက်သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ချက်များကို ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် အခွင့်အရေးကော်မတီက တင်သွင်းသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ဖြစ်သော ၈-၁၂-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေး အတည်ပြုခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်အလိုက် အတည်ပြု နိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး ကို တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက် အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း ပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၅)ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်ကို လွှတ်တော်သို့အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၅)ချက်မှာ ဖြန့်ဝေထားတဲ့

ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁ နှင့် ၂ မှာပါရှိတဲ့ အမှတ်စဉ် ၃ အပိုဒ် ၂၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂ နှင့် ၃ မှာပါရှိတဲ့ အမှတ်စဉ် ၄ အပိုဒ် ၃၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၃ အမှတ်စဉ် ၅ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၃ မှ ၆ အထိ၊ အမှတ်စဉ် ၆ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆ အမှတ်စဉ် ၇ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် တင်ပြချက်(၅)ချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားပြောပါခင်ဗျား။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ပြင်ဆင်ချက်များကို သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၅)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၅)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်းကော်မတီ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ချက်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင် အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ဖြစ်သော ၈-၁၂-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်အလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၅)ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန်တင်ပြချက် (၅)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်၊ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်ကျွန်တော် ဦးစတီဖန်က အဆို တင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ရန် တင်ပြချက်(၅)ချက်မှာ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် (က) စာမျက်နှာ ၁၊ ၂ နှင့် ၃ အပိုဒ် ၂၊ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် (ခ) စာမျက်နှာ ၂ နှင့် ၃ အမှတ်စဉ် ၄ အပိုဒ် ၃၊ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ်(ဂ) စာမျက်နှာ ၃ အမှတ်စဉ် ၅ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၊ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ်(ဃ) စာမျက်နှာ ၃ မှ ၆ အမှတ်စဉ် ၆ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅၊ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် (င) စာမျက်နှာ ၆ အမှတ်စဉ် ၇ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆။ သို့ဖြစ်ပါ၍ အထက်ဖော်ပြ ပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်(၅)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားပြောပါခင်ဗျား။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ပြင်ဆင်ချက်များကို သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် (၅)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး

ပြင်ဆင်ချက်(၅)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် အခွင့်အရေးကော်မတီက တင်သွင်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ဖြစ်သော ၈-၁၂-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းကို ပြုလုပ်ခဲ့ပြီး

ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ယခုဆောင်ရွက် မှာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနဲ့ ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ၊ အစဉ်လိုက်အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများကို ပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အချက်(၅)ချက်ကို တင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီးပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ၏ ကိုယ်စား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်ကအတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ယင်းဥပဒေကြမ်းနှင့်ပတ်သက်ပြီး ၁၂-၁၂-၂၀၁၅ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီညှိနှိုင်းအစည်းအဝေးများရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံတင်ပြရန် ပြင်ဆင်ရန်တင်ပြချက်(၅)ချက်တို့မှာ ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားသည့် ပြင်ဆင်ချက်ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၁ နှင့် ၂ အမှတ်စဉ် ၃ အပိုဒ်၂၊ စာမျက်နှာ ၂ နှင့် ၃ အမှတ်စဉ် ၄ အပိုဒ် ၃၊ စာမျက်နှာ ၃ အမှတ်စဉ် ၅ အသစ်ဖြည့်စွက်ချက်

အပိုဒ် ၄၊ စာမျက်နှာ ၃ မှ ၆ အမှတ်စဉ် ၆ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅၊ စာမျက်နှာ ၆ အပိုဒ် ၇ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆ တို့ဖြစ်ပြီး ယင်းပြင်ဆင်ချက်များအား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့သဘောထားပြောပါခင်ဗျား။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ပြင်ဆင်ချက်များကို သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အချက်(၅)ချက်အား အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အချက်(၅)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဒီဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေး ကော်မတီ ကတင်သွင်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းခြင်း ဆွေးနွေး ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက် များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက် ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်(ကြာသပတေးနေ့) နေ့လယ် ၃း၃၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ် ကြောင်းနှင့် ယနေ့အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်များအားလုံးထွက်ခွာနိုင်ပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၁း၂၅ နာရီ အချိန်တွင်ရပ်နားပါသည်။]

မူကြမ်း